**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**
**ရုံးအမှတ် (၅၃)၊ နေပြည်တော်**

စာအမှတ်၊အီးအိုင်အေ-၂/သတ္တု( ၁၅၅၁ /၂၀၁၉)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၆ ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၈)

အကြောင်းအရာ။ **ဟိန်းကောင်းဆက်ကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့၊ ဝမ်ပေါ့ကျေးရွာအုပ်စုဒေသတွင် မြေဧရိယာ (၂၀) ဧက ကျယ်ဝန်းသော ရွှေသတ္တုလုပ်ကွက်တွင် ရွှေသတ္တုတူးဖော် ထုတ်လုပ် ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အတည်ပြုနိုင်ပါရန် တင်ပြခြင်း**

ရည် ညွှန်း ချက် ။
(၁) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၁၆-၅-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၉၂၂/ရွှေဖက်စပ် (ဟိန်းကောင်းဆက်-EMP) /၂၀၁၈
(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၂-၁၁-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/သတ္တု (၁၇၁၂/ ၂၀၁၈)
(၃) အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ၂၇-၂-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၄၉၅/ရွှေဖက်စပ်(ဟိန်းကောင်းဆက်)/၁၉
(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၂-၃-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/သတ္တု (၆၆၅/၂၀၁၉)
(၅) အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ၆-၆-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁၅၁၆/ရွှေဖက်စပ်(ဟိန်းကောင်းဆက်)/၂၀၁၉

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဟိန်းကောင်းဆက်ကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၊ တာကြန့်ကျေးရွာအုပ်စုဒေသရှိ (၂၀) ဧက ကျယ်ဝန်းသော လုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ရေးဆွဲထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan)အပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်း(၁)နှင့် (၃)ပါစာများဖြင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ပေးပို့လာခြင်းအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စိစစ်သုံးသပ်ပြီး၊ ရည်ညွှန်း(၂)နှင့် (၄)ပါစာများဖြင့် ပြန်ကြားခဲ့ပါသည်။ အဆိုပါပြန်ကြားစာအရ ရည်ညွှန်း(၅)ပါစာဖြင့် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ပြန်လည်တင်ပြလာပါသည်။

၂။ ဟိန်းကောင်းဆက်ကုမ္ပဏီလီမိတက်မှ တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် တစ်ဖက်ပါအချက်များ ဖော်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်-